# ကျောင်းပြင်ပမူလတန်းပညာရေး ပထမဆင့် မြန်မာစာ (ဖတ်စာ) သင်ကြားမှု

## e-Learning Program

ဒေါ်ညွန့်ညွန့်ရီ
ကျောင်းပြင်ပမူလတန်းပညာရေး နည်းပညာအဖွဲ့(အဖွဲ့ဝင်)
မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပြင်ဌာန

# ပထမနေ့ဝက် ပထမပိုင်း / ဒုတိယပိုင်းဖတ်စာ

ဖတ်စာ (၁)

ဖတ်စာ (၂)

ဖတ်စာ (၃)

ဖတ်စာ (၄)

ဖတ်စာ (၅)

ဖတ်စာ (၆)

ဖတ်စာ (၇)

ဖတ်စာ (၈)

ဖတ်စာ (၉)

ဖတ်စာ (၁၀) ရွာသာယာ

ဖတ်စာ (၁၁) အရေ့ရွာ

ဖတ်စာ (၁၂) ရွှေတာငွေစုကောင်းကျိုးပြု

ဖတ်စာ (၁၃) ဆရာတော်ဦးဇဝန

ဖတ်စာ (၁၄) ထမနဲ

ဖတ်စာ (၁၅) နံနက်ခင်း

ဖတ်စာ (၁၆) တို့လယ်သမား

**(၄၀) မိနစ်၊ (၄)ချိန်စီ**

# ဖတ်စာ (၁)
# နမူနာ သင်ပြမှုပုံစံ

| | | |
|---|---|---|
| (၁) အတန်း | ။ ။ | ပထမဆင့် |
| (၂) ဘာသာ | ။ ။ | မြန်မာစာ |
| (၃) သင်ခန်းစာအမည် | ။ ။ | ဖတ်စာ (၁) |
| (၄) သင်ကြားချိန် | ။ ။ | (၄၀)မိနစ် (၄)ချိန် |
| (၅) ရည်ရွယ်ချက် | ။ ။ | ရေးချပါသောဖတ်စာများကိုဖတ်တတ်စေရန်။ |
| (၆) သင်နည်း | ။ ။ | ဉာဏ်ဖွင့်စဉ်းစားစေသောနည်း။ |
| (၇) သင်ထောက်ကူ | ။ ။ | ဗျည်း၊ ဗျည်းအက္ခရာစာလုံးကတ်ပြား၊ သရလင်္ကာကတ်ပြား၊ ဝေါဟာရစကားလုံးကတ်ပြားများ။ ဖတ်စာရေးထားသော ကတ်ပြား |

# သင်ထောက်ကူများ

ဗျည်းအက္ခရာကတ်ပြားအချို့

| | | | |
|---|---|---|---|
| က | ခ | စ | ဆ |
| တ | ဋ | ပ | မ |

သရလက္ခဏာ ကတ်ပြား

| | |
|---|---|
| –၊ –ာ၊ –ား | –၊ –ါ၊ –ါး |

စကားလုံးဝေါဟာရအချို့

| | | |
|---|---|---|
| ပဝါပါး | ရထား | ပလာတာ |
| ဖလား | စာကလေး | သနပ်ခါး |

# ဖတ်စာ

သာသာယာယာ

မမလာမလား။

စားစရာပါသလား။

မာလကာသီးပါသည်။

အညာတမာ ဝါတာတာ

ရသာခါးခါး ငါမစား။

# ဖတ်စာ (၁)
# နမူနာ သင်ပြမှုပုံစံ

(ဂ) သင်ကြားသင်ယူမှု။

| | |
|---|---|
| **လုပ်ငန်းစဉ် (၁) နိဒါန်းပျိုးခြင်း** | သင်စာ (၁)ကိုပြန်လှန်လေ့ကျင့်ခြင်းဖြင့်နိဒါန်းပျိုးပါမည်။ –၊ –ါ၊ –ါး၊ –၊ –ာ၊ –ား တွင် က ခ ဂ စ ဆ ...စသည်တို့ဖြည့်စွက်ဆိုစေပါမည်။ |
| **လုပ်ငန်းစဉ် (၂) ဖတ်စာဖတ်ခြင်း** | ဆရာကဖတ်စာကိုနမူနာဖတ်ပြပါမည်။ ကလေးများကိုအတန်းလိုက်၊ အုပ်စုလိုက်၊ တစ်ဦးချင်းဖတ်စေပါမည်။ |
| **လုပ်ငန်းစဉ် (၃) အုပ်စုဖွဲ့ခြင်း** | ကလေးများကိုအုပ်စုဖွဲ့ကာ ဖတ်စာမှ အ၊ အာ၊ အားသံ စာလုံးများ ရွေးထုတ်ဖတ်စေပါမည်။ |
| **လုပ်ငန်းစဉ် (၄) ဝေါဟာရတိုးစေခြင်း** | စာသင်ခန်းတွင်း (သို့) ပတ်ဝန်းကျင်ရှိ အ၊ အာ၊ အား သံ ဝေါဟာရ များရှာဖွေပြောပါစေ။ဆရာကသင်ပုန်းတွင်မှတ်တမ်းတင်ပြီး ကလေးများ ကိုကူးရေးစေပါမည်။ |

# ဖတ်စာ (၁)

# နမူနာ သင်ပြမှုပုံစံ

(၉) စစ်ဆေးအကဲဖြတ်ခြင်း

(က) အုပ်စု ၂ ခုခွဲကာ ဗျည်းအက္ခရာ ၅ လုံးစီရွေးချယ်ပြီး –၊ –ါ၊ –ါး။ –၊ –ာ၊ –ား တို့တွင် မှန်ကန်စွာဖြည့်သွင်းရေးစေပါမည်။

(ခ) အုပ်စု ၃ ခုခွဲကာ ဖတ်စာပါစာလုံးများထဲမှ – သံ၊ –ာ/–ါ သံ၊ –ား/–ါး သံတို့ကို ခွဲထုတ်ကာ ဖတ်ပြစေပါမည်။

(ဂ) အုပ်စု ၃ ခုခွဲကာ ဝေါဟာရစကားလုံးကတ်ပြားများဝေပေးပြီးကတ်ပြားပါစကားလုံးထဲမှ – သံ၊ –ာ/–ါ သံ၊ –ား/–ါး သံစကားလုံးတို့ကိုပြောစေပါမည်။
ဆရာကသင်ပုန်းတွင်မှတ်တမ်းတင်ပြီး ကလေးများ ကူးရေးစေပါမည်။
ဆရာကစစ်ဆေးပေးခြင်း (သို့မဟုတ်) ကလေးအချင်းချင်းအပြန်အလှန်စစ်ဆေးခြင်းများပြုလုပ်စေပါမည်။

(ဃ) သာသာယာယာ

မမလာမလား။

စားစရာပါသလား။

မာလကာသီးပါသည်။

အညာတမာ ဝါတာတာ

ရသာခါးခါး ငါမစား။

သင်ပုန်းပေါ်တွင် ဆရာကဖတ်စာကတ်ပြားကိုချိတ်ဆွဲပြီး ဖတ်စာပါစာများကို ကလေးများအားဖတ်စေပြီး –သံ၊ –ာ/–ါသံ၊ –ား/–ါးသံပါသော အဓိပ္ပာယ်ရှိစကားလုံး ဝေါဟာရများကို အုပ်စုလိုက်ရှာဖွေစေပြီး တင်ပြယှဉ်ပြိုင်စေပါမည်။

# ကျေးဇူးတင်ပါသည်။